

# အနှစ် ၄၀ မြောက်လက်နက်ကိုင် တော်လှန်ရေးနေ့ အခမ်းအနား

မတ်-၂၈ = အရှေ့မြောက် စစ်ဒေသ ဘောလုံးကွင်း တွင် ကျင်းပခဲ့သော လူထုအခမ်းအနားတွင် ပါတီဥက္ကဋ္ဌ အမှူးပြုသော ဗဟိုခေါင်းဆောင် များ၊ ပါတီဝင်နှင့်ကေဒါများ၊ တပ်ပေါင်းစု ကိုယ်စားလှယ်များ၊ ပြည်သူ့တပ်မတော်သားများ နှင့် လူထုထောင် အချို့ တက်ရောက်ခဲ့သည်။

## အာဇာနည်ကျောက်တိုင်ပန်းခွေချ

မတ်-၂၉ = ပါတီဗဟိုခေါင်းဆောင်များ ပါတီဝင်နှင့် ကေဒါများက တပ်၊ဒေသ များ၌ အလိုက်စီတက်၍ လွှမ်းသူ့ပန်း ခွေများ ချခဲ့ကြသည်။

အလားတူ တပ်ပေါင်းစု အဖွဲ့အစည်း အသီးသီး က လည်း လွှမ်းသူ့ပန်းခွေများ ချခဲ့ရာ၊ စုစုပေါင်း လွှမ်းသူ့ပန်းခွေ ၂၈ ခွေရှိခဲ့သည်။

## ပါတီဥက္ကဋ္ဌ

ပါတီဝင်/ကေဒါများနှင့်တွေ့ဆုံ

မတ်-၃၀

ပါတီဥက္ကဋ္ဌနှင့် ဗဟိုခေါင်းဆောင် များသည် ပါတီဝင်/ကေဒါ ၄၀၀ ကျော်ကို အစည်းအဝေးခန်းမ ကြီးတွင်တွေ့ဆုံ၍ ဥက္ကဋ္ဌက သိ သင့် မိန့်ခွန်းပြောကြားခဲ့သည်။



သတင်းစဉ်

၁၃၅၀ ကဆုန်လဆန်း ၅ ရက် ၂၀-၄-၈၈

## ပါတီဥက္ကဋ္ဌ

### ကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်း

ဧပြီ-၄

ဗဟိုခေါင်းဆောင်များ နှင့် အတူ ပါတီဥက္ကဋ္ဌ ရဲဘော် သခင်ဗသိန်းတင်သည် နှစ် ၄၀ မြောက် လက်နက်ကိုင် တော်လှန်ရေးနေ့ အခမ်းအနား သို့ တက်ရောက်လာကြသော တပ်-ဒေသ ကိုယ်စားလှယ် အသီးသီး နှင့် ဧပြီလ ၁ ရက်နေ့မှ စ ပြီး သုံးနပ် လိုက်ခွဲကာ လက်ခွဲတွေ့ဆုံခဲ့သည်။

ကိုယ်စားလှယ်များက မိမိတို့ဒေသနှင့် တပ်ဖွဲ့တွင်း အခြေအနေများ၊ ပါတီတည် ဆောက်ရေး၊ တပ်တည်ဆောက်ရေး၊ စစ်ရေး၊ နိုင်ငံရေး အခြေအနေများ တင်ပြကြသည်။

ဥက္ကဋ္ဌနှင့် ခေါင်းဆောင်များက လူထုထုတ် လုပ်ရေး၊ လူထုစားနေထိုင်မှုဘဝ အဆင့်အ တန်း၊ မလွတ်မြောက်မီ နှင့် လွတ်မြောက်ပြီး အခြေအနေ နှိုင်းယှဉ်ချက်၊ တပ်နှင့်ပြည်သူ ဆက်ဆံမှု၊ ဝံပြကိစ္စများ စသည်တို့ ကိုမေး မြန်းကြသည်။

ထို့နောက်ခေါင်းဆောင်များက တတိုင်တည် ဖြေရှင်းပေးနိုင်သည် များကို ဖြေရှင်းပေးကြပြီး ဥက္ကဋ္ဌက ဗမာပြည် -ပြည်သူ့ ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေး တွင် လူတန်းစား နှင့် လူတန်းစား တိုက်ပွဲရှိဦး မည် ဖြစ်ကြောင်း အဓိက ဖြစ်ကြောင်း ငွေကို မှန်ကန်စွာ ဖြေ ရှင်းနိုင်ရန် လိုကြောင်း နှင့် ရဲဘော်တို့ရဲ့ ကြိုး ပမ်းမှု၊ လူထုရဲ့ထောက်ခံမှုတွေကြောင့် ရ လို့ ဝမ်းသာကြောင်း၊ အားတက်ကြောင်းပြော ကြားပြီး ပထမဆုံးအနေနှင့် လူထုထမင်းဝ အောင် ကြိုးစားလုပ်ဆောင်ကြဖို့ အလေးထား မှာကြားလိုက်သည်။

၃၂၈ ပြင်ဆင်ရေး ကော်မတီမှ ထုတ်ဝေသည်။

သတင်းစဉ်

၁၃၅၀ ကဆုန်လဆန်း ၅ ရက် ၂၀.၄.၈၈

# အကြမ်းဖက်တော်လှန်ရေး

၁၉၈၈ ခု မတ်လ ၂၈ ရက်နေ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကို ကျောင်းပြောင်သော ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေး အနှစ် ၄၀ ပြောက်နေ့ဖြစ်သည်။

အနှစ် ၄၀ လက်နက်ကိုင်တော်လှန်ရေးသမိုင်းစဉ်တလျှောက်တွင် ပါတီအနေနှင့် အမှားအယွင်းများ၊ အကျေအကောက်များ၊ အတက်အကျများ၊ အက်စုံကြုံတွေ့ရမှုများ အမျိုးမျိုးကို ဖြတ်သန်းခဲ့ရသော်ကာမူ၊ ပါတီ၊ တော်လှန်ရေး၊ ပြည်သူလူထုနှင့် အမိနိုင်ငံတော်အပေါ် ချစ်ခင်မြတ်နိုးသစ္စာရှိကြသော ရဲဘော်များ၏ကြိုးပမ်းအားထုတ်ခဲ့မှုကြောင့် ယနေ့တိုင် လက်နက်ကိုင်တော်လှန်ရေးအလံကို မြင့်မားစွာလွှင့်ထူနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုအခါ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်း "လီနင်ဝါဒ၏ အကြမ်းဖက်တော်လှန်ရေးသဘောတရားမှာ ခေတ်မမီတော့ပြီ၊ အငြိမ်းပြည်သူလူထုအနေနှင့် အုပ်ချုပ်ရေးအာဏာကို ငြိမ်းချမ်းတဲ့နည်းနဲ့ ရနိုင်တယ်" ဆိုတဲ့ အယူအဆတရပ် ပေါ်လာနေပေသည်။ ဤအယူအဆမှာ လုံးဝမှားယွင်းပြီး ယုတ္တိမဲ့လှသော အယူအဆသာဖြစ်ပေသည်။ ကမ္ဘာ့သမိုင်းတွင် ဖောက်ပြန်သော အုပ်စိုးသူလူတန်းစားစတင်ပေါ်လာသည့် အချိန်မှစ၍ ယနေ့တိုင် မည်သည့်ဖောက်ပြန်တဲ့ အုပ်စိုးသူလူတန်းစားကမှ သူတို့ရရှိထားသော အုပ်ချုပ်ရေးအာဏာကို အသာတကြည် ငြိမ်းချမ်းစွာ လွှဲပြောင်းပေးခဲ့ခြင်း မရှိသေးချေ။

ထို့နည်းတူစွာ ယနေ့ မဆလ တပါတီအာဏာရှင်စစ်အစိုးရအနေနှင့် စီးပွားရေးအရ၊ နိုင်ငံရေးအရ ချွတ်ခြုံကျကာ ကမ္ဘာ့အမွဲဆုံးတိုင်းပြည် အဆင့်ကို ကျရောက်ရသည့်တိုင်အောင် နယ်ချဲ့ပေါင်းစုံ၏ အကူအညီနှင့် သူတို့၏ အာဏာတည်မြဲရေးအတွက် ကျားကုတ်ကျားခဲ ကြိုးစားအုံးမည်မှာ သေချာလှပေသည်။

ထို့ကြောင့်လည်း ဗမာပြည်ကွန်မြူနစ်ပါတီအနေနှင့် တတိယအကြိမ်မြောက် ပါတီကွန်ဂရက်တွင် လက်နက်ကိုင်တိုက်ပွဲသည် အဓိကနှင့် လက်နက်ကိုင်တိုက်ပွဲကို အထောက်အကူဖြစ်စေမည့် တိုက်ပွဲသဏ္ဍာန်ပေါင်းစုံနှင့် ပေါင်းစပ်ဆင်နွဲသွားရန် မှန်ကန်စွာ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပေသည်။

လက်နက်ကိုင်တိုက်ပွဲနှင့် အာဏာသိမ်းရေးမှာ ကျွန်ုပ်တို့၏ ဆန္ဒပိုင်းသာဖြစ်သည်။ ဤဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ရေးအတွက် ပါတီကို သိပ်သည်း၊ ခိုင်မာ၊ ကြံ့ခိုင်တောင့်တင်းအောင် တည်ဆောက်ရေး၊ ပြည်သူ့တပ်မတော်ကို နိုင်ငံရေးတပ်မတော် ဗီသအောင် တည်ဆောက်ရေး၊ ပြည်သူလူထုကို အစွမ်းကုန် အလုပ် အကျေးပြုကာ နိုင်ငံရေးအရ လှုံ့ဆော်ပြီး သူတို့၏ မကုန်ခမ်းနိုင်သော အင်အားအပေါ် မှီခိုရေးတို့မှာ အရေးကြီးအပ်ပေသည်။

ထို့ကြောင့် ဒီနေ့လို အနှစ် ၄၀ ပြောက်တော်လှန်ရေးနေ့တွင်...

(က) ပါတီတွင်း၊ ဝင်ရောက်ငြိုက်စားနေသည့် မှားယွင်းသောအတွေး အခေါ်လုပ်ဟန်များကို ဆေးကြောသန့်ရှင်းရေး၊




မတ် ၂၈

လူထုအခမ်းအနားသို့

ဥက္ကဋ္ဌ တက်ရောက်လာစဉ် ...

(ခ) တပ်မတော်တွင်း၌ မှားယွင်းသောအတွေး - အခေါ်လုပ်ဟန်များကိုဆေးကြောသန့်ရှင်းရေး၊

(ဂ) ပြည်သူလူထုအပေါ်ရှိနေသော မှားယွင်းသော အတွေး အခေါ်လုပ်ဟန်များကိုဆေးကြောသန့်ရှင်းရေး တို့ကို လုပ်ကာ ပါတီနှင့်တပ်မတော်ကို သိပ်သည်းခိုင်မာ တိုက်ခွမ်းရည် ထက်မြက်အောင် တည်ဆောက်ရန်နှင့် ပြည်သူလူထု၏ မကုန်ခမ်းနိုင်သော အင်အားအပေါ် မှီခိုအားထားပြီး တော်လှန်ရေးတဆင့်ပြီးတဆင့်တက်၊ နောက်ဆုံးအောင်ပွဲသို့ အရောက်ချီတက်ကြရန် အလေးအနက် အခိုင်အမာ ပြု၍ ချီတက်ကြပါရန် အလေးအနက် အသူ အသွက်တိုက်ပွဲဝင်သွားအပ်ပါသည်။




မတ်လ ၂၇ ရက်နေ့က ဗဟို နှင့် အရှေ့မြောက်စစ်ဒေသ မှ တပ်ဖွဲ့များ၊ ရုံးဌာန များ အပြင် မိတ်ဆွေ တပ်ဖွဲ့များမှ လည်း ပါဝင်ယှဉ်ပြိုင် ခဲ့ကြသည် ။

စစ်ရှုမ်းရည်မြင့် ■ ပြိုင်မှုများ ကျင်းပစဉ်



ပုံ သတင်း

■ မတ်လ ■ ၂၇



၃၂၈ ပြင်ဆင်ရေး ကော်မတီ မှ သေနတ်ပစ်ပြိုင်ပွဲ တွင် တဦးချင်း ထူးချွန်သူ များ၊ အဖွဲ့လိုက် ထူးချွန် သူ များကို ဆု များ အသီးသီး ချီးမြှင့်ခဲ့ ပြီ - ပြိုင်ပွဲ ဝင် တပ်ဖွဲ့ များကို ဂုဏ်ပြုအမှတ်တရ အလံများ၊ ပစ္စည်းများ ပေး အပ်ခဲ့ သည် ။

# မဆလ တပါတီ အာဏာရှင်အစိုးရကိုတိုက်ဖျက်ပြီး အမျိုးသားစည်းလုံးညီညွတ်သော ဒီမိုကရေစီကျသော ပါတီစုံစနစ်ကို ထူထောင်ကြ။

ရဲဘော်တင်ရီ

ဗမာပြည်သည် ယနေ့တိုင် လုံးဝ လွတ်လပ်ရေးကို မရသေး၊ စစ်အစိုးရ ဆဲပဒေသီ ဦးနေဝင်းက ၁၉၄၈ ခုနှစ်က လွတ်လပ်ရေးသည် နိုင်ငံရေး အရသာ လွတ်လပ်ပြီး စီးပွားရေး အရ မလွတ်လပ်ခဲ့ပါဘူး ဟု မကြာသေးခင် ကမှ ဝန်ခံလိုက်သည်။ ထိုသည်ပင် မှားသည် မဟုတ်သေး၊ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာကို လုယူလိုက်သည့် အခါကျမှဘဲ စီးပွားရေး လွတ်လပ်မှု စတင်ခဲ့ရသည် ဟု ဗျည်းကျက် ဆင်ပြန်သည်။ "ကျနော်တို့ လူမျိုးက အပျင်းကခပ်ရှာရှာ" ဆိုပြီး မျိုးနှင့်ဗီ ဆဲဆိုလိုက်၊ နိုင်ငံခြားသားတွေ လက်ဝဲ လက်ယာနိုင်ငံတွေရဲ့ ဂယက်များကြောင့်ပါ ဟု လွှဲချလိုက်နှင့် စီးပွားရေး ပေါ်လစီတွေ၊ စီးပွားရေး စီမံကိန်းတွေ ချမှတ်ပြီး လုပ်လာလိုက်ရာ မဆလ တပါတီ အာဏာရှင်အစိုးရ ခေါင်းဆောင်လိုက်တော့မှပင် ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံ တနိုင်ငံ အဖြစ်သို့ ကျရောက်သွားပေတော့သည်။

ဤသည်ကို "အသုံးတရုံး ခေါင်းစဉ် ပြောင်းတာပါ၊ မရှုံးအားလို့ အသိမပေးတာပါ" ဟု ဖြေခဲ့သည်။ ယင်းအဖြေသည် ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံ စာရင်းဝင် ဖြစ်ရခြင်းကြောင့် ရှက်စရာ မဟုတ်၊ ထွက်လမ်းကောင်း တရပ် ဟုပင် ပြည်သူကို ပြောင်လိမ်လိုက်ခြင်းသာ ဖြစ်သည်။ ယနေ့ ဗမာပြည်တွင်းမှာကား နိုင်ငံရေးတွင် ဒီမိုကရေစီ လုံးဝ ဆိတ်သုဉ်းနေပြီ၊ စီးပွားရေးတွင် ထုတ်လုပ်ရေး အကြီးအကျယ် ကျဆင်းနေသည်။ လူတယောက်၏ ပျမ်းမျှ အမျိုးသားဝင်ငွေသည် ကမ္ဘာမှာ နောက်ဆုံး အဆင့်ရောက်နေ ဖြစ်နေသည်။ နိုင်ငံခြား ကြွေးသန်းပေါင်း ၄၀၀၀ ကျော် တင်နေသည်။ ကုန်စျေးနှုန်းတွေ အဆမတန် တက်နေပြီး နေရာတကာ မှောင်ခို အရောင်းအဝယ် ဖြစ်နေသည်။ ငွေစက္ကူတွေ အရမ်းထုတ်နေရသဖြင့် အဆမတန် ဖောင်းပွနေသည်။ အစိုးရ ရုံးများမှာ လာဘ်မပေးလျှင် မည်သို့သော အလုပ်မှ လုပ်မရ၊ သို့ဖြင့် လာဘ်ပေး လာဘ်ယူသည် သမာအာဇီဝ ဖြစ်နေသည်။ ထိုသို့ ဒုက္ခမျိုးပေါင်းစုံ ခံရသဖြင့် လည်း လူထုကြီး တရပ်လုံး ဒေါ်ပြတ်ခွဲ ထလာတော့သည်။ ဤမျက်မှောက် အနိဋ္ဌာရုံများက ဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ် စီးပွားရေး ဖျက်နှာဖုံးကြီးကို ဆုတ်ဖြဲ ခွာချလိုက်ပြီး နယ်ချဲ့ပေါင်းစုံကို မှီခိုနေရသော ကိုလိုနီ တပိုင်း ပဒေသရာဇ် တပိုင်း ဗမာပြည်၏ ရုပ်လုံးကို ဘွားဘွားကြီး ပေါ်ပြလိုက်ပေသည်။

ဗမာပြည်ကြီးကား အမှောင်ဖိက်ဖုံး နေလေပြီ။ စစ်အစိုးရက ဖက်ဆစ်နည်းနှင့် အတင်းနှိပ်ကွပ်ထားသည့်ကြားမှ ပြည်သူ လူထုကြီး တရပ်လုံး၏ ရဲရဲဝံ့ဝံ့ အုံကြွ တုံ့ပြန်တိုက်ခိုက်မှုသည် လည်း တနေ့ တခြား ပြင်းထန်လာခဲ့သည် ၁၉၈၈ နှစ်ဦးပိုင်းမှာပင် အစိုးရ၏ တတိယ အကြိမ် ငွေစက္ကူ ဒီမိုနီတိုက်ဖျက်မှုကို ဆန့်ကျင်သော ကျောင်းသား၊ ပြည်သူ လူထုနှင့် ရဟန်းသံဃာများ၏ ဆန္ဒပြတိုက်ပွဲသည် ယနေ့တိုင် အောင်မြင်စွာ ဆင်နွှဲ လျက်ရှိကြသည်။ လယ်သမားများ၏ ဆန္ဒသိမ်းပွဲများလည်း ဖြစ်ပွားခဲ့သည်၊ အလုပ်သမားများနှင့် မြို့နေ ဆင်းရဲသားများ၊ ကုန်သည်နှင့် လုပ်ငန်းကိုင်ငယ် ဖိုင်ရှင်ကလေးများကလည်း အစိုးရ၏ စီးပွားရေး ပေါ်လစီနှင့် ကုန်စျေးနှုန်း မြင့်မားမှု၊ ငွေစက္ကူ ဖောင်းပွမှု အပေါ် မကျေနပ်မှုများလည်း ဖြစ်ပွားနေခဲ့သည်။ ဖျက်သိမ်းခြင်း ခံထားရသော နိုင်ငံရေး အဖွဲ့အစည်းများနှင့် ဒီမိုကရေစီ ပုဂ္ဂိုလ်များကလည်း မဆလ တပါတီ အာဏာရှင်စနစ်ကို မကျေနပ်မှုများ ဖြစ်နေကြသည့်အပြင် ဆွေးနွေးနေကြသည်။ ဗမာပြည်ကြီးကား ဗျာပါဒ ရုဏ်ပရိယာယ်နှင့် ပေါက်ကွဲအံ့ဆဲဆဲ မီးတောင်ကြီး ပမာ ဖြစ်နေပေပြီ။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသည် ဤအခြေအနေကို သုံးသပ်ကာ ၁၉၈၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တိုင်းပြည်သို့ တင်ပြချက် တရပ်ကို ထုတ်ပြန်လိုက်သည်။ ထိုတင်ပြချက်၏ အဓိကအကျဉ်းသဘောမှာ..

၁။ မဆလ တပါတီ အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ယာယီအစိုးရ တရပ်ကို ဖွဲ့စည်းရေး၊

၂။ လက်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖျက်သိမ်း၍ ပြည်သူများ၏ ဒီမိုကရေစီ အခွင့်အရေးနှင့် လိုလားတောင်းဆိုချက်များကို အကာအကွယ်ပေးနိုင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် တရပ်ကို ရေးဆွဲရေး၊

၃။ နောင်ပေါ်ပေါက်လာမည့် ယာယီအစိုးရသည် အောက်ပါ အခြေခံ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်သွားရေး။

(က) ပြည်တွင်းစစ် ရပ်စဲပြီး ပြည်တွင်း ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရေး

(ခ) ပြည်သူများ၏ ဒီမိုကရေစီ အခွင့်အရေးများကို အပြည့်အဝ ပြန်လည်ပေးအပ်ရေး၊


(ဂ) အမျိုးသားများ၏ ဒွေးစည်းညီညွတ်ရေးကို ပြန်လည်တည်ဆောက်ရေး၊

(ဃ) အမျိုးသားစီးပွားရေးကို မြှင့်တင်ဖော်ထုတ်ပေးပြီး ပြည်သူများ၏ နေထိုင်မှုဘဝကို တစတစ မြှင့်တင်ပေးရေး၊

(င) နိုင်ငံခြား ဆက်ဆံရေးတွင် အမှီခိုကင်းသော ကြားနေရေး ပေါ်လစီကို ကျင့်သုံးရေး တို့ပင်ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီက ပြည်သူများ၏ အကျိုးကို ထောက်ထား၍ တင်ပြသည်ဖြစ်စေကာမူ မဆလ အစိုးရသည် ၎င်း၏ တပါတီ အာဏာရှင်စနစ်ကို နောက်ဆုံး အထိ ခေါင်းမာစွာ ကိုင်စွဲထားရန်နှင့် ပြည်တွင်းစစ် အားနယ်စုံ ပေါင်းစုံ၏ အကူအညီဖြင့် အကြိမ်ကြိမ် အဖန်ဖန် မြှင့်တင်ရန်ကိုသာ အရူးအမူး လုပ်ဆောင်နေလိမ့်ဦးမည်ကို ပြည်သူများက တော်လှန်ရေး သတိရှိကြရန် အရေးကိုပေလိမ့်မည်။ ဤအခြေအနေမျိုး ဆက်လက်တည်ရှိနေပါက ဗမာပြည် ကွန်မြူနစ်ပါတီသည် တရားသော ပြည်တွင်းစစ်ဖြင့် ပြည်တွင်းစစ် တရားခံ အာဏာရှင်

• စာမျက်နှာ ၉ ကော်လံ ၁ သို့ -



မတ် ၂၈ ◦ ပြည်သူ့တပ်မတော်တပ်ဖွဲ့များ ချီတက်အလေးပြုနေစဉ် ◦◦

## ဖုံးသူဖုံး ဖော်သူဖော်

မတ် ◦ ၁၄

စက်မှုတက္ကသိုလ် ကျောင်းသားများနှင့် အရပ်သားများ ခိုက်ရန်ဖြစ်ပွားရာမှ ၁၄ ယောက် ဒဏ်ရာရ၍ ဆေးရုံတင်ထားကြောင်း ၊ ၎င်းတို့အထဲမှ ကျောင်းသား မောင်ဘုန်းမော်သေဆုံးသွားကြောင်း ။

< စစ်အစိုးရအသံလွှင့်ဌာန >

မတ် ◦ ၂၀

တချို့သတင်းပေးမှုတွေက ကျောင်းသား ၁၀ ယောက်ကျော် သေဆုံးခဲ့တယ်လို့ဆိုတယ် ◦ နောက်ပိုင်းမှာ .. ကျောင်းသားတဦး သေနတ်နဲ့ပစ်သတ်ခံရကြောင်း အတည်ပြုပြောကြားခဲ့တယ် ။

< နိုင်ငံခြားအသံလွှင့်ဌာနတခုမှ >

မတ် ◦ ၂၆

ရန်ကုန်ဆူပူမှုအတွင်း လူ ၇၀ ထိသေဆုံးပြီး လူ ၅၀၀၀ ဖမ်းဆီးထားကြောင်း ။ < နိုင်ငံခြားသတင်းဌာန >

## ဘယ်သူ့အတွက်မေတ္တာမွန်လဲ

စစ်အစိုးရရုံးစိုက်ရာ ရန်ကုန်မြို့တော်တွင် စစ်ဘက်မှ ဗိုလ်မှူးချုပ် အဆင့် - အထက် ၊ နယ်ဘက်မှ ဒုဝန်ကြီး အဆင့် အထက် အရာရှိကြီးများ အတွက် မေတ္တာမွန် အမည်ရှိ အစိုးရဆိုင် တဆိုင် ဖွင့်လှစ်ထားကြောင်း ၎င်းဆိုင်တွင် နိုင်ငံခြားပစ္စည်းများ ပြည်တွင်း စက်ရုံထွက်ပစ္စည်းများ အားပါးကုန်ပစ္စည်းများကို အရှုံးနှင့် လုံလောက်စွာ ရောင်းချပေးနေရာ လုပ်သားပြည်သူများ ဝယ်ယူစားသုံးနေရသော ဈေးနှုန်းအပြင် ကွာခြားနေသည်ဟုကြားရကြောင်း

ဤဆိုင်မှ တဦးလျှင် ပုံမှန် တလ ရေနံဆီ ၈ ဂါလံ ၊ ဖယောင်းတိုင် ၁၄ ထုပ်၊ အရာရှိကြီးများ စီးသော - မာဇဒါ-၉၂၉-တစီး အတွက် ဓါတ်ဆီ ၁၆၀ ဂါလံ ( ပုံမှန် ၁၂၀ + အရေးပေါ် ၄၀ ) ထုတ်ပေးသော်လည်း အရပ်သားကားတစီး အတွက် အပြင်ဆိုင်တွင် ၂ ရက် ၃ ဂါလံနှုန်းသာ ထုတ်ပေးနေကြောင်း၊ ပြည်သူများကို ရေနံဆီ ဖယောင်းတိုင် ထုတ်မရောင်းသည်မှာ နှစ်အချို့ပင် ရှိနေပြီဖြစ်ကြောင်း သိရသည်၊

ဖမ်းဆီးရမိ သုံ့ပန်းများ နှင့် ကုန်သည်များ ပြောကြားသော စာရင်းများကို ယှဉ်ကြည့်ရာတွင် အောက်ပါ အတိုင်း တွေ့ရသည်။

| | မေတ္တာမွန်ဈေး | အပြင်ဈေး |
|---|---|---|
| ဆီတပုံး | ၃၆ ကျပ် | ၄၇၀-၈၀၀ |
| ဆန်တအိတ် (ငစိန်/ပုသိမ်ပွန်) | ၆၀ | ၅၅၀ |
| (စိန်ဆန်) | – | ၃၉၀ |
| သကြားတပိဿ | ၇-၈ပြား | ၄၅ |
| ဒိန်ခဲ တထုပ် | ၁၇-၅ပြား | ၁၅၀ |
| ငြုပ်သီးမှုန့် တပိဿ | ၆.၀၀ | ၆၀ |
| ဓူဝံဆပ်ပြာတစောင့် | ၇.၅ပြား | ၁၅ |
| ဓါတ်ဆီတဂါလံ | ၇.၅ပြား | ၅၀ |
| | (နယ်) | ၉၀ |

## ရှင်နဲ့ရာ အရှုံလူထွက်

ဧပြီ ◦ ၁၂

ရန်ကုန် မင်္ဂလာဒုံ လေယာဉ်ကွင်းတွင် လေ ကျင့်ပျံသန်းသော လေယာဉ် တစင်းပျက်ကျ သဖြင့် တွဲဘက်လေယာဉ်မှူး ဖြစ်သူ ဗိုလ်မှူးတဦး သေဆုံးသွားပြီး ၊ လေယာဉ်မှူး တဦး ဒဏ်ရာရသွားခဲ့သည်။

# ကျောင်းသားသတင်းဆက်

မတ်လ လည်တွင် စတင်ဖြစ်ပွားခဲ့သော ကျောင်းသားအပါအဝင် ပြည်သူလူထုများနှင့် စစ်အစိုးရ၏ တိုက်ပွဲဝင်မှုသည် မေလအထိ ပြဿနာများ ပြေလည်သွားခြင်း မရှိဘဲ ဆက်လက်တည်ရှိနေသည်ကို တွေ့ရသည်။

စစ်အစိုးရ၏ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာကို မေ ၁၇ ရက်နေ့ နောက်ဆုံးထား တင်သွင်းဖို့ သတ်မှတ်ထားသော်လည်း မေလ ၁၇ ရက်နေ့သို့ ရွှေ့လိုက်ရသည်။

---

မေ ၁၄

သေဆုံးရသူများတွင် အချို့သေနတ်နဲ့ ပစ်သတ်၊ အချို့ကနံပါတ် ဒုတ်နဲ့ ရိုက်သတ်ခံရ၍ သေဆုံးရကြောင်း။ သတင်းပေးချက်များသည် မိမိတို့ မြင်တွေ့ခဲ့ရသည်များနှင့် တထပ်တည်း ဖြစ်ပါသည်ဟု ကိုယ်တွေ့ကြုံသူ သူများက ပြောပြကြောင်း။

---

ဆောင်းပါးရှင် တဦးက ကျောင်းသားဆူပူမှု ကိစ္စသည် မြန်မာ အသိပညာရှင်များနှင့် မြို့နေအထက်တန်းလွှာများကလည်း တိုင်းပြည်၏ စီးပွားရေးဆုတ်ယုတ်မှုနှင့် ပတ်သက်၍ မညီမျှမကြေမချမ်းဖြစ်နေခဲ့သည်ဆိုသည်ကို ပြလိုက်ခြင်းဖြစ်သည်ဟု ရေးသားခဲ့သည်။

---

ပညာရေးဝန်ကြီးပြုတ်

ဇွန်လ ၈

စစ်အစိုးရ ပညာရေးဝန်ကြီး ဦးကျော်ငြိမ်းကို ဖြုတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မေ ၇ ရက်

ဓါရင့်သံအရာရှိတဦးက လူ ၇၀ ယောက် သေဆုံးပြီး၊ ပျောက်ဆုံးနေတာ ၃၀၊ ၄၀ လောက်ရှိကြောင်း၊ အဲဒီလူတွေထဲမှာ တချို့ဟာ သေဆုံးကုန်ပြီလို့ ယူဆရကြောင်း ထုတ်ဖော်ပြောဆိုကြောင်း။

အရှုပ်အထွေး ညတညတွင် သူရားတဆူမှ လူသေအလောင်း ၄၀ ခန့် ယူလာတာ တွေ့ရှိရကြောင်း မျက်မြင်သက်သေများက ဝပြောဆိုကြသည်။

---

မေ ၁၄

သေးရုံတင်ထားရသော ဒဏ်ရာရသူများထဲမှ မောင်ဘုန်းမော် အပြင် နောက်ထပ်ကျောင်းသား တယောက်လည်း သေဆုံးသွားကြောင်း မြန်မာသတင်းစာများတွင် ဖော်ပြထားသည်။

---

မတ် ၉


စစ်အစိုးရ၏ သမဝါယမရုံး ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဗိုလ်မှူးကြီး အောင်မြင့်ဘော်နှင့် အခြား ၄ ယောက်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အဖြစ်မှ ဖြုတ်ပစ်လိုက်ကြောင်း နိုင်ငံတော်ကောင်စီဆိုသည်မှ ကြေညာသည်။

## သမဝါယမရုံး ညွှန်ချုပ်ပြုတ်

၄ ဦးတို့အား ဟန့်ပြပြည်သူ့လွှတ်တော်မှ ကျင်းပမည့်အချိန်က ဖယ်ရှားဖြုတ်လိုက်ပြီး မည်သည့်အကြောင်းဖြစ်သည်ကို မှုဖော်ပြခြင်း မရှိပေ။ သူတို့၏ လက်ရှိ အခြားရာထူးများမှလည်း ဖြုတ်ပေးကြရလိမ့်မည်ဟု ကြားသိရသည်။



"မပေါင်းသေးတဲ့ အတိတ်တပေါင်းသွေ့ရဲ့ အရိပ်"
ပြဇာတ်မှ ဇာတ်ဝင်ခန်းတခန်း



မတ် ၂၇ ရက်နေ့က အာဇာနည်များအား ပန်းခွေချ အလေးပြုစဉ်။

# ရေနံရောင်းနိုင်ငံ ရေနံဝယ်ရပြီ

ဧပြီ · ၄

စစ်အစိုးရ၏ ရေနံစိမ်းတင်ဒါ တန်ချိန်တသိန်းကျော် ရရှိထားသော ဩစတေးလျနိုင်ငံမှ ဆန်းဒိုက်ဖ် ရေနံတင် သင်္ဘော မြန်မာနိုင်ငံ သို့ရောက်ရှိ လာသည်။

၁၉၈၄ ခုနှစ်က ထန်းတပင်၊ ကြံ့တန်းရေနံမြေသစ်များ တွေ့ရှိပြီဟု စစ်အုပ်စု ထိပ်သီးကြီး ဦးနေဝင်း နှင့် ဝန်ကြီးချုပ် ဦးမောင်မောင်ခ တို့က အရေး အစည်းအဝေးခေါ်ပြီး တိုင်းပြည်သို့ ကြေညာခဲ့ကြသည်။ ကြေညာချက်ထွက်ပြီး နောက် လည်း ရေနံပြတ်လပ်မှု တနှစ်ထက်တနှစ် ဆိုးဝါး လာ၍ ကမ္ဘာ့ဘဏ် ချေးငွေဖြင့်ဝယ်ယူရခြင်း ဖြစ်သည်။

# ထိုးစစ်စိတ်ဓါတ်ဖြင့် တိုက်ပွဲကိုဆင်နွှဲရေး

ရဲဘော်စိုးသိမ်း

ထိုးစစ်စိတ်ဓါတ်ဖြင့် တိုက်ပွဲကို ဆင်နွှဲရေးသည် မာ့က်စ်၊ လီနင်၊ မော် တို့၏ စစ်ရေး အတွေးအခေါ် အခြေခံ နှင့် စစ်ရေး လမ်းညွှန်မှု တရပ်ဖြစ်သည်။

<တော်လှန်ရေးကို ကလေးကစားသလို မလုပ်ပါနှင့် စခဲ့သည်နှင့် တပြိုင်နက် အောင်မြင်ရသည် အထိ ဆောင်ရွက်ရမည်> <နေ့စဉ် အောင်ပွဲ ကလေးများ အရယူရမည်၊> <စစ်ရေးမှာ မတက်ကြွမှုသည် သေဘေး> < လှုပ်ရှားမှု အတွေ့အကြုံ အင်အားကို စုစည်းပြီး အခွင့်ကောင်း ရသည်နှင့် တပြိုင်နက် ခံစစ်ဘက်မှ ထိုးစစ်သို့ ပြောင်းလဲတတ် ရမည်> စသဖြင့် မာ့က်စ် အိန်ဂယ်လ် စစ်ရေးကျမ်း ပေါင်းစုံ မှာ ဖော်ပြထား ပေသည်။

ရဲဘော်လီနင်ကလည်း < အင်အား များကို စုစည်းပြီး ရဲရဲရင့်ရင့် ထိုးစစ်ဆင်ခြင်းသည် ပုန်ကန်မှု၏ အခြေခံလမ်းညွှန်မှုဖြစ်သည် > ဟုငှင်း၊ < အဆုံးအဖြတ်ရှိသည့် အချိန်နှင့် နေရာတွင် သာလွန်သည့် အင်အားကို အသုံးပြုခြင်းသည် စစ်ပွဲအောင်နိုင်ရေး၏ တရားဖြစ်သည်၊ > ဟုငှင်း ညွှန်ပြခဲ့သည်။ « လီနင်စစ်ရေး လက်ရွေးစင်ကျမ်း »

ရဲဘော်စတာလင်ကလည်း: < စစ်ဆင်ရေး၏ အနုပညာသည် တပ်အင်အား စုစည်းရေး နှင့် တပ်ကို အသက်ဝင်စွာ အသုံးပြုရေးမှု ဖြစ်သည် > <တက်ကြွသည့် ခံစစ်၏ ရည်ရွယ်ချက်သည် အချက်အလက်များကို ဖန်တီးပြီး ထိုးစစ်များကို ရအောင် စည်းရုံးခြင်းဖြစ်သည် > ဟု၍ ညွှန်ပြခဲ့သည်။

«စတာလင်စစ်ရေးလက်ရွေးစင်ကျမ်း»

ရဲဘော်မော်စီတုန်း ကလည်း: < စစ်၏ ရည်ရွယ်ချက်သည် ရန်သူကို ခြေမှုန်းဖို့က အဓိက၊ ကိုယ့်ကိုယ် ကာကွယ် ထိန်းသိမ်းဖို့က ဒုတိယဖြစ်တယ် > < ထိုးစစ်ဟာ ရန်သူကို ခြေမှုန်းဖို့ အရင်းခံနည်းလမ်း ဖြစ်တယ် > <ရန်သူ အမြောက်အများ ကို ခြေမှုန်းပစ်မှ ကိုယ့်ကိုယ်ကို ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်း နိုင်မှာဖြစ်တဲ့၊ ဒါကြောင့် ရန်သူကို ခြေမှုန်း နိုင်ဖို့ အရင်းခံနည်းလမ်း ဖြစ်တဲ့ ထိုးစစ်ဟာ အဓိက၊ ရန်သူကို ခြေမှုန်းဖို့ အထောက်အကူ နည်းလမ်းနဲ့ ကိုယ့်ကိုယ်ကို ကာကွယ် ထိန်းသိမ်းဖို့ နည်းလမ်း တမျိုး ဖြစ်တဲ့ ခံစစ်ကတော့ ဒုတိယဖြစ်တယ်၊> < ခံစစ်ဟာ ကိုယ့်ကိုယ်ကို

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

# နလံမထူနိုင်

ဧပြီ · ၄ · စစ်အစိုးရက နိုင်ငံခြားမှ ချေးထားသော ငွေများသည် ၃ နှစ်အတွင်း ကုန်ခမ်းလာခဲ့ရာ ၁၉၈၇ ခုနှစ် တတိယ ၃ လပတ် အတွင်း အထူးဆိုးဝါးလာခဲ့ကြောင်း၊ လက်ကျန်နိုင်ငံခြား အရံငွေများကို သုံးစရာရှိသည်များ ဝါသုံးလိုက်လျှင် နှစ်ပတ်စာဘဲရှိတော့ကြောင်း သိရသည်။

▲ စာမျက်နှာ ၇ မှ...

တိုက်ရိုက်ကာကွယ်ဖို့ဖြစ်တယ်၊ ဒါပေမဲ့ တချိန်တည်းမှာ ဆိုးစစ်ကို အထောက်အကူပေးတဲ့ ဒါမှမဟုတ် ဆိုးစစ်ဆီ ကူးပြောင်းဖို့ ပြင်ဆင်တဲ့ နည်းတနည်း လဲဖြစ်တယ်> «မော်စီတုန်း လက်ရွေးစင်ကျမ်း»

အထက်ပါ အချက်များသည် မာက်စ် အိန်ဂျလ် မှ ရဲဘော် မော်စီတုန်း အထိ တော်လှန်စစ်ကို ဆိုးစစ် စိတ်ဓါတ်ဖြင့် တိုက်ခိုက်ရန် ညွှန်ပြခဲ့ကြခြင်းဖြစ်ပါသည်။ ကျနော်တို့၏ ရေရှည်ပြည်သူ့စစ်ပွဲအတွင်း တွင်လည်း တိုက်ပွဲနှင့် တိုက်ပွဲစဉ်များ အတွင်း ဆိုးစစ် စိတ်ဓါတ် အပြည့်အဝဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ပြည်တွင်းစစ် ကာလအတွင်းတွင် ရန်သူ၏ ဆိုးစစ်နှင့် ၎င်းဆိုးစစ်ကို ပြန်လှန် တိုက်ခိုက်ခြင်းတို့သည် ပဓာနသွင်ပြင်သဏ္ဌာန် ဖြစ်နေပေလိမ့်မည်။ အဆင့်အသီးသီး စစ်ကို ညွှန်ကြားသူများသည် ရဲဘော်မော်စီတုန်း ပြောသော "စစ်ပါရဂူဟာ ရုပ်ဝတ္ထုအခြေအနေက ခွင့်ပြုထားတဲ့ ဘောင်ကိုကျော်ပြီး စစ်ပွဲမှာ အနိုင်ရအောင် မကြံနိုင်ပေမဲ့ ရုပ်ဝတ္ထုအခြေအနေက ခွင့်ပြုထားတဲ့ဘောင် အတွင်းမှာ စစ်နိုင်အောင်တော့ ကြိုးပမ်းနိုင်တယ်၊ ကြိုးလဲကြိုးပမ်းရမယ်" ဆိုသကဲ့သို့ - စစ်ရေးအခွင့်ကောင်းပေါ့ <နိုင်ငံရေး အခွင့်ကောင်းများ အပါ> ကို လက်မလွှတ်တမ်း ဖမ်းယူတတ်ဖို့ လိုသည်။ မိမိခံစစ် ကာလမှာပင် ဆိုးစစ်အတွက် အကြောင်းအချက်များကို ဖန်တီးတတ်ဖို့ လဲလိုပေသည်။

ဆိုးစစ်ရဲ့ လက်တွေ့ဖော်ပြချက်များနှင့် ပတ်သက်၍ [illegible] စစ်ပါရဂူ ကလော့ဇဝစ် ကလဲ

၁။ ရန်သူ တပ်ကို ခြေမှုန်းခြင်း၊

၂။ ရန်သူ့ဒေသကို သိမ်းပိုက်ခြင်း၊

၃။ ရန်သူ့ ပစ္စည်းများကို သိမ်းပိုက်ခြင်းနှင့် ဖျက်ဆီးခြင်း၊

၄။ ယောင်ပြ ဆိုးစစ်များ လုပ်ခြင်း၊

၅။ ရန်သူ့အား ပြုန်းအောင် လုပ်ခြင်း၊

၆။ ရန်သူပြိုကွဲအောင် လုပ်ခြင်းများသည် ဆိုးစစ်၏ ဖော်ပြချက်များ ဖြစ်ကြောင်း ဖြင့် တင်ပြထားပါသည်။

ကျနော်တို့သည် ပါတီ၏ စစ်ရေးလမ်းစဉ်ကို သေသေချာချာ ဆုပ်ကိုင် အကောင်အထည်ဖော်ခဲ့သည် ဆိုလျှင် အရေးမသာပေမဲ့ ပြင်ဆင်မှုရှိတဲ့ စစ်တပ်ဟာ အရေးသာနေတဲ့ ရန်သူကို ရှုံးသွားအောင် အလစ်ဝင် တိုက်နိုင်လေ့ရှိတယ် <မော်-ရေရှည်စစ်> ဆိုသကဲ့သို့ ပြည်သူ့စစ်ပွဲ ဆင်နွှဲရေး ဆိုးစစ် စိတ်ဓါတ်ဖြင့် စစ်ပွဲဆင်နွှဲရေး၊ ဗိုလ်ကျနည်းကျ အမြင်ဖြင့် တော်လှန်စစ်၏ စစ်ရေးလမ်းညွှန်များနှင့် မိမိတို့၏ လက်တွေ့ အခြေအနေများ ပေါင်းစပ် အကောင်အထည်ဖော်ရန် လိုအပ်ပေသည်။

## အလယ်ပိုင်းဌာနခွဲ

### ၁၉၈၇ တိုက်ပွဲစာရင်းချုပ်

ခြေမှုန်းရန်သူ ► ၃၀၀ ကျော်

သိမ်းရလက်နက် ► ၃၀ လက်

---

## ကျိုင်းတုံမြောက်ခရိုင် ၈၇ နှင့် ၈၈ နှစ်ဦးပိုင်း တိုက်ပွဲစာရင်းချုပ်

| | | |
|---|---|---|
| တိုက်ပွဲအကြိမ်ပေါင်း | = | ၂၆ ကြိမ် |
| ရန်သူသေ | = | ၁၀၄ ယောက် |
| ဒဏ်ရာရ | = | ၈၆ ယောက် |
| သိမ်းရလက်နက် | = | ၃ လက် |

## မိုင်းယန်းမြို့တွင်း ဗုံးကွဲ

မတ်-၂၄

ပြည်သူ့တပ်မတော် တပ်ဖွဲ့တဖွဲ့က မိုင်းယန်းမြို့တွင်း ပြောက်ကျား ဝင်၍ ရန်သူ ဝင်-ထွက်နေရာတွင် မိုင်းထောင်ခဲ့ရာ ရန်သူ ၆ ယောက် သေကြေ ဒဏ်ရာရ ရှိသွားခဲ့ပါသည်။

●

## လွယ်လန်းဒေသတိုက်ပွဲများအရှိန်မြှင့်

ဧပြီ-၃

မတ်လ ၁၉ ရက်နေ့မှ စတင်ခဲ့သော တိုက်ပွဲများ ပြင်းထန်သည်ထက် ပြင်းထန်လာခဲ့ရာ စစ်အစိုးရ ကြေးစားတပ်များ ပါဝင်မှုသည် လည်းတိုးများလာခဲ့သည်။

အရှေ့ပိုင်းတိုင်း စဗဟာ ၁ မှ တပ်များ၊ တပ်မ ၈၈၊ တပ်မ ၃၃ မှ စစ်ကြောင်းများ တပ်ကျဖြည့်၍ တိုက်နေရသည်။

၎င်းတိုက်ပွဲများတွင် ကြေးစားစစ်သား ၂၇ ဦး သေပြီး ၇၃ ဦး ဒဏ်ရာရသည်ဟု စစ်အစိုးရက ကြေညာသော်လည်း ဒဏ်ရာရ သေပျောက် စာရင်းသည် ၎င်းတို့ ပြောသည်ထက် များပြားသည်။

မတ်လ မကုန်မီကပင် ဒဏ်ရာရ စာရင်းမှာ ၂၀၀ ကျော် နေပြီဖြစ်သည်။



၃၂၈ အခမ်းအနားသို့တက်ရောက်လာသော လူထု

# ၃၂၈ အခမ်းအနား အစီအစဉ်များ အောင်မြင်စွာ ကျင်းပပြီးစီး

သတင်းစဉ်

မတ်လ ၂၀ ရက်မှ ၂၇ ရက်နေ့အထိ ► အားကစားပြိုင်ပွဲများ၊

မတ်လ ၂၇ ရက် ► စစ်ရေးပြပွဲ နှင့် စစ်ရေးစွမ်းရည် ပြိုင်ပွဲ၊

မတ်လ ၂၈ ရက် ► လူထုအခမ်းအနားကြီး။

က။ မြန်မာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီမှ တိုင်းပြည်သို့ တင်ပြချက်(ရဲဘော်ခင်မောင်ကြီး)

ခ။ ပါတီဗဟိုကော်မတီ ဥက္ကဋ္ဌ သခင်ဗသိန်းတင်၏ မိန့်ခွန်း။

ဂ။ တပ်ပေါင်းစု ကိုယ်စားလှယ်များက သဝဏ်လွှာများ ဖတ်ကြားခြင်း။

မတ်လ ၂၉ ရက် ► အာဇာနည် ကျောက်တိုင်တွင် ပွမ်းသူ့ ပန်းခွေ ချခြင်း။

မတ်လ ၃၀ ရက် ► ဥက္ကဋ္ဌက ပါတီဝင်ကေဒါများနှင့်တွေ့ဆုံ မိန့်ခွန်းပြောကြားခြင်း၊

● စာမျက်နှာ ၄ မှ

မှုန်မဆလ တပ်ပါတီ အာဏာရှင်စစ်အစိုးရကို ပြတ်ပြတ်သားသား ခုခံတိုက်ခိုက်ခြင်းဖြင့် ဒေသမြူ့ပြည်သူလူထု၏ တရားသော တောင်းဆိုတိုက်ပွဲဝင်မှုကို ကြံ့ကြံ့ခိုင်ခိုင် ထောက်ခံသွားမည်သာဖြစ်သည်။ ထို့ပြင်မက မဆလ စစ်အစိုးရက သေသည်အထိ နောင်တမရဘဲ ပြည်သူကို ဆက်လက်ဆန့်ကျင်သွားမည်ဆိုပါက ပါတီသည် ပြည်သူများနှင့် သေအတူရှင်မကွာ လက်တွဲပြီး တော်လှန်သောပြည်တွင်းစစ်ကို အောင်ပွဲခံသည်အထိ ဆုံးခမ်းတိုင် တိုက်ပွဲဝင်သွားမည် ဖြစ်ပေသည်။









# ဓာတ်ပုံ
# သတင်း




## ၃၂၈
## အားကစားပြိုင်ပွဲ





သတင်း



လူထုအခမ်းအနား


သို့တက်ရောက်

လာသော..


ဗဟိုခေါင်းဆောင်

အချို့







လူထုတစ်ပ်တဒေသ



- ပါတီ ပြည်သူ့လူထုနဲ့ တော်လှန်ရေး ရပ်တည်မှု ၃ ခုကို ပိုမိုကြံ့ခိုင် တောင့်တင်းအောင် တည်ဆောက်ကြ။
- ပါတီ၊ ပြည်သူ့လူထုနဲ့ တော်လှန်ရေး အတွက် အောင်ပွဲရတဲ့အထိ အဆုံးတိုင် ဆင်နွှဲကြ။
- မ ဆ လ တပါတီ အာဏာရှင် စစ်အစိုးရကို ဖျက်သိမ်းပြီး ယာယီ အစိုးရ တရပ်ကို ထူထောင်ကြ။
- မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ် အဓွန့်ရှည်ပါစေ။
- ဂုဏ်ရောင်ပြောင်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

၁။ ဥက္ကဋ္ဌ ကြွေးကြော်သံ တိုင်နေစဉ်၊
၂။ မတ်လ ၂၈ ရက်နေ့ တက်ရောက် လာသည့် ခေါင်းဆောင်များ၊
၃။ မတ်လ ၂၉ ရက်နေ့ ဗွမ်းသူ့ ပန်းခွေချ အခမ်းအနား
၄။ မတ်လ ၃၀ ရက်နေ့ ပါတီဝင်၊ ကေဒါ များနှင့် တွေ့ဆုံခြင်း၊



သတင်းစဉ်

